
Kids of Destiny®
Reaching the Next Generation
www.kidsofdestiny.org

## လူများစွာကိုယေရှုကျန်းမာပေးခြင်း 3.10

### လုကာ ၆-၇၊ မာကု ၅

လူတွေကို ကျန်းမာပေးခြင်းဟာ ဒေသစာရီသွားလေရာမှာ ယေရှုပြုတဲ့အမှုဖြစ်ပါတယ်။ သူတို့ကိုယ်ခန္ဓာမှာ လိုအပ်တဲ့ကျန်းမာခြင်းတွေကို သူကပေးတယ်။ နာကျင်စရာကောင်းတဲ့သူတို့စိတ်တွေကိုလည်း ကျန်းမာစေတယ်။ မာရ်နတ်(ဘုရားရဲ့ရန်သူ)က လူတွေကို ညှဉ်းပန်းဖို့ဝိညာဉ်ဆိုးတွေကို စေလွှတ်တဲ့အခါ “ထွက်သွား” လို့ ယေရှုကမောင်းထုတ်တဲ့အခါ နတ်ဆိုးဟာ ထွက်သွားရတယ်။ ယေရှုဟာ ကျန်းမာခြင်းပေးပိုင်တဲ့သူဖြစ်ပါတယ်။

တခါတရံမှာ ယေရှုဟာ ဗိမာန်တော်ထဲမှာ လူတွေကို ကျန်းမာခြင်းပေးတယ်။ ရက်သတ္တပတ်ရဲ့ခုနှစ်ရက်မြောက်တဲ့တစ်နေ့မှာ ယေရှု ဟာ ဗိမာန်တော်ထဲမှာ ဩဝါဒပေးနေတယ်။ ဘာသာရေးခေါင်းဆောင်တွေလည်း ရှိနေကြတယ်။ ဂျူးလူမျိုးတွေရဲ့ဘာသာရေး ပညတ်ချက်တွေကို ယေရှုဘယ်တော့ချိုးဖောက်မလဲလို့ ချောင်းမြောင်းနေကြတယ်။ ညာဖက်လက်မလှုပ်ရှားနိုင်တဲ့ လူတစ်ယောက် ဗိမာန်တော်ထဲမှာရှိနေတယ်။ ခုနှစ်ရက်မြောက်တဲ့နေ့မှာ အလုပ်မလုပ်ရဘူးလို့ ပညတ်တရားကပြောထားတဲ့အရာကို ဘာသာရေး ခေါင်းဆောင်တွေက သိတယ်။ “ဒီကိုလာပါ” လို့ အဲဒီလူကို ယေရှုက ခေါ်လိုက်တယ်။ ဘာသာရေးခေါင်းဆောင်တွေ ဘယ်လိုတွေးနေ မလဲဆိုတာသိတဲ့အတွက် “ခုနှစ်ရက်မြောက်တဲ့နေ့မှာ မကောင်းတာလုပ်သင့်သလား၊ ကောင်းတာလုပ်သင့်သလား?” လို့ သူတို့ကို မေး လိုက်တယ်။ ယေရှုဟာ လက်သေနေတဲ့သူဖက်ကိုလှည့်ပြီး၊ သူ့ကိုကျန်းမာခြင်းပေးလိုက်တယ်။ ဘာသာရေးခေါင်းဆောင်တွေဟာ ဒေါသထွက်ကြတယ်။ ဘာသာရေးခေါင်းဆောင်တွေရဲ့အတွေးအမြင်ထက် လက်သေနေတဲ့လူရဲ့ကျန်းမာရေးကို ယေရှုပိုပြီးဂရုစိုက် တယ်။

ယေရှုဟာ သာမန်လူတွေနဲ့ အရေးပါတဲ့လူတွေကို ကျန်းမာခြင်းပေးခဲ့တယ်။ သူတို့ဘယ်လိုလူဖြစ်တယ်ဆိုတာက ယေရှုအတွက် အဓိကမဟုတ်ဘူး။ လူတိုင်းအပေါ် သူကြင်နာတယ်။ တစ်နေ့တော့ ကပေရနောင်မြို့ကို သူသွားတယ်။ အဲဒီမြို့က တပ်မှူး တစ်ယောက်ရဲ့ ငယ်သားတစ်ယောက် မကျန်းမမာဖြစ်နေတယ်။ တပ်မှူးဟာ အရေးပါတဲ့လူတစ်ယောက်ဖြစ်တယ်။ အဲဒီမြို့က စစ်သားတွေကို ဦးဆောင်ရတဲ့သူဖြစ်တယ်။ တပ်မှူးတစ်ယောက်ရဲ့ငယ်သားတစ်ယောက်ဟာ အရမ်းမကျန်းမမာဖြစ်တယ်။ တပ်မှူးရဲ့ သူငယ်ချင်းတချို့က ယေရှုဆီလာပြီး “တပ်မှူးဟာလူကောင်းဖြစ်တယ်။ မြို့ကိုလည်းချစ်တဲ့သူဖြစ်တယ်။ ကျွန်တော်တို့လူမျိုးတွေကို လည်း သူချစ်တယ်။ ကျေးဇူးပြုပြီး သူ့ငယ်သားကို ကျန်းမာခြင်းပေး ပေးပါ” လို့ ပြောကြတယ်။

ယေရှုဟာ တပ်မှူးရဲ့အိမ်ကိုလိုက်သွားတယ်။ ယေရှုဟာ တပ်မှူးအိမ်ကိုမရောက်ခင် တပ်မှူးကသူ့သူငယ်ချင်းတွေကိုပြောတယ်။ “ယေရှုဟာ ကျွန်တော့်အိမ်အထိ လာဖို့မလိုဘူး။ အခွင့်အာဏာသဘောကို ကျွန်တော်နားလည်တယ်။ ယေရှုက ကျွန်တော်မျိုးရဲ့ ငယ်သားကို ကျန်းမာပြီလို့အမိန့်ပေးရင် သူကျန်းမာလာလိမ့်မယ်” လို့ ပြောတယ်။ ယေရှုကိုယ်တိုင် တပ်မှူးရဲ့ယုံကြည်ခြင်းကို အံ့သြ တယ်။ ငယ်သားဟာ လုံးဝကျန်းမာသွားတယ်။

တစ်နေ့ ယေရှုဟာ ပင်လယ်ကမ်းနားမှာ ဆုံးမဩဝါဒပေးနေတယ်။ အဲဒီအချိန်မှာ ယာဣရုလို့ခေါ်တဲ့ ဘာသာရေးခေါင်းဆောင်ဟာ ယေရှုရဲ့ခြေတော်ရင်းမှာ ပြပ်ဝပ်ပြီး၊ သူ့သမီးငယ်ကို ကျန်းမာခြင်းပေးဖို့ တောင်းပန်ပါတယ်။ သူမဟာ သေလုမျောအရမ်းဖျားနေတယ်။ ယာဣရုအိမ်ကိုသွားတဲ့လမ်းမှာ သတင်းပို့သူတယောက်က “ယေရှုကိုအနှောင့်အယှက်မပေးတော့နဲ့။ သင့်သမီးဟာ သေသွားပြီ” လို့ ယာဣရုကို ပြောတယ်။  “မစိုးရိမ်နဲ့။ ယုံကြည်ခြင်းရှိပါ” လို့ ယာဣရုကို ယေရှုကပြန်ပြောတယ်။

ယေရှုနဲ့တပည့်တော်တွေဖြစ်တဲ့ ပေတရု၊ ယာကုပ်နဲ့ယောဟန်တို့ဟာ ယာဣရုအိမ်ကို သွားခဲ့ကြတယ်။ သူ့သမီးငယ် သေသွားပြီဖြစ်လို့ မိသားစုဝင်တွေနဲ့သူငယ်ချင်းတွေဟာ ငိုနေကြတယ်။ “ဘာလို့ဆူညံနေကြတာလဲ? သူငယ်ဟာမသေဘူး။ သူမအိပ်ပျော်နေတာ” လို့ ယေရှုကပြောတယ်။

အားလုံးက သူ့ကိုပြက်ယယ်ပြုပြုံးကြတယ်။ သူ့တပည့်တော်တွေနဲ့ကလေးမိဘတွေကလွဲပြီး ကျန်တဲ့သူတွေအားလုံးကို အပြင်ထွက် စေတယ်။ သူငယ်လဲလျောင်းနေတဲ့အခန်းထဲကို သူတို့သွားကြတယ်။ ယေရှုဟာ သူမရဲ့လက်ကိုကိုင်ပြီး “သမီးငယ် ထပါ” လို့ ပြော လိုက်တယ်။ သူမဟာ ချက်ချင်းမတ်တပ်ရပ်ပြီး လမ်းလျှောက်သွားတယ်။ သူမဟာ အသက်ဆယ့်နှစ်နှစ်ပဲ ရှိသေးတယ်။ သူမကို စားစရာကျွေးဖို့ ယေရှုကပြောတယ်။ အားလုံးအံ့အားသင့်သွားကြတယ်။

## လူများစွာကို ယေရှုကျန်းမာပေးခြင်း - ဆရာလမ်းညွှန် 3.10

### လုကာ ၆-၇၊ မာကု ၅ အဓိကအချက်များ

၁) ယေရှုဟာ အနာရောဂါအမျိုးမျိုးကို ပျောက်ကင်းစေတယ်။ သူဟာ ကိုယ်ခန္ဓာကို ကျန်းမာစေတယ်။ စိတ်နှလုံးကို ကျန်းမာစေ တယ်။ မာရ်နတ်ရဲ့နောက်လိုက်နတ်ဆိုးတွေကို မောင်းထုတ်တဲ့အခါ ယေရှုရဲ့စကားကိုနားထောင်ပြီး သူတို့ထွက်သွားရပါတယ်။

၂) တစ်ပတ်ရဲ့ခုနစ်ရက်မြောက်နေ့မှာ ယေရှုဟာ ဗိမာန်တော်မှာ ရှိနေတယ်။ လက်သေနေတဲ့သူတစ်ယောက်ရှိတယ်။ အဲဒီမှာရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေဟာ ဂျူးလူမျိုးတွေရဲ့ပညတ်ကျမ်းအရ ခုနစ်ရက်မြောက်နေ့မှာ ဘာအလုပ်မှမလုပ်ဖို့ သိကြတယ်။ ဒါပေမယ့် အဒီနေ့မှာ သူ့ကိုယေရှုကျန်းမာစေခဲ့တယ်။ ဘာသာရေးခေါင်းဆောင်တွေရဲ့အတွေးထင်မြင်ချက်ထက် အဲဒီလူရဲ့လက် ကျန်းမာပကတိဖြစ်ဖို့ ယေရှုပိုပြီးဂရုစိုက်တယ်။

၃) ကပေရနောင်မြို့မှာယေရှုရောက်နေတယ်။ တပ်မှူးရဲ့ငယ်သားတစ်ယောက် မကျန်းမာဖြစ်တယ်။ တပ်မှူးရဲ့သူငယ်ချင်းတွေက သူ့ကိုကျန်းမာခြင်းပေးဖို့ ယေရှုကိုပင့်ဖိတ်တယ်။ ဒါပေမယ့် ယေရှုသူ့အိမ်အထိလာဖို့မလိုကြောင်း တပ်မှူးကပြောတယ်။ ယေရှုဟာ နှုတ်တော်အမိန့်အားဖြင့် ကျန်းမာပြီလို့ပြောရင် ငယ်သားကျန်းမာမယ်လို့ တပ်မှူးကသိတယ်။ တပ်မှူးရဲ့ယုံကြည်ခြင်းကိုး ယေရှုဟာ အံ့သြခဲ့တယ်။ ငယ်သားဟာ ကျန်းမာသွားတယ်။

၄) တစ်နေ့ယေရှုဆုံးမသြဝါဒပေးနေချိန်မှာ ယာဣရုဆိုတဲ့သူ ရောက်လာတယ်။ သူ့သမီးကို ကျန်းမာခြင်းပေးဖို့ ယေရှုကိုသူတောင်းပန် တယ်။ သူမဟာ အရမ်းဖျားနေတယ်။ ယာဣရုအိမ်ကိုသွားတဲ့လမ်းမှာ သတင်းပို့သူတစ်ယောက်ရောက်လာပြီး သူ့သမီးသေပြီလို့ လာ ပြောတယ်။ ယုံကြည်ခြင်းရှိနေဖို့ ယာဣရုကို ယေရှုပြောတယ်။ ယာဣရုအိမ်မှာ လူတွေငိုနေကြတယ်။ သူမဟာ အိပ်ပျော်နေတာလို့ ယေရှုပြောတဲ့အခါ သူ့ကိုလှောင်ရယ်ကြတယ်။ ယေရှုဟာ အိမ်ထဲဝင်ပြီး၊ ယာဣရုသမီးရဲ့လက်ကိုကိုင်တယ်။ "သမီးငယ်ထပါ" လို့သူပြောလိုက်တယ်။ သူမဟာ ကျန်းမာပကတိဖြစ်သွားတယ်။

### မေးခွန်းများ

၁) ဘယ်လိုကျန်းမာခြင်းမျိုးကို ယေရှုပေးတာလဲ?

၂) တစ်ပတ်ရဲ့ခုနစ်ရက်မြောက်နေ့မှာ ယေရှုဟာ ဗိမာန်တော်ထဲ ဘာလုပ်သလဲ?

၃) သူ့ရဲ့ငယ်သားကိုကျန်းမာစေဖို့ ယေရှုဟာသူ့အိမ်အထိလာဖို့မလိုဘူးလို့ ဘာလို့တပ်မှူးပြောရတာလဲ?

၄) ယာဣရုက ယေရှုဘာလုပ်ပေးဖို့ တောင်းဆိုလဲ?

၅) ယာဣရုအိမ်ကလူတွေဟာ ဘာ့ကြောင့်ယေရှုကိုလှောင်ရယ်ကြတာလဲ?

၆) ယာဣရုရဲ့အိမ်ထဲမှာ ယေရှုလာလုပ်ခဲ့သလဲ?

### အဖြေများ

၁) အနာရောဂါငြိမ်းခြင်းအမျိုးမျိုးကို ယေရှုပြုလုပ်ခဲ့ပါတယ်။ ကိုယ်ခန္ဓာကို ကျန်းမာစေတယ်။ စိတ်နှလုံးကို ကျန်းမာစေတယ်။ မာရ်နတ်ရဲ့နောက်လိုက်နတ်ဆိုးတွေကို နှင်ထုတ်တဲ့အခါ သူတို့တွေနားထောင်ပြီး ထွက်သွားရတယ်။

၂) တစ်ပတ်ရဲ့ခုနစ်ရက်မြောက်နေ့မှာ ယေရှုဟာဗိမာန်တော်ထဲမှာ လက်သေနေသူကို ကျန်းမာစေခဲ့ပါတယ်။

၃) ယေရှုက သူ့ငယ်သားကို ကျန်းမာပြီလို့အမိန့်ပေးလိုက်ရင် ကျန်းမာလိမ့်မယ်လို့ တပ်မှူးကသိပါတယ်။

၄) သူ့သမီးငယ်ကို ကျန်းမာခြင်းပေးဖို့ ယာဣရုက ယေရှုကိုတောင်းလျှောက်ပါတယ်။

၅) ယာဣရုသမီးဟာ အိပ်ပျော်နေတာလို့ ယေရှုကပြောလို့ ယာဣရုအိမ်ကလူတွေဟာ လှောင်ရယ်ကြတာဖြစ်ပါတယ်။

၆) ယေရှုဟာ ယာဣရုသမီးရဲ့လက်ကိုကိုင်ပြီး ထဖို့ပြောခဲ့တယ်။ သူမလည်း ကျန်းမာသွားပါတယ်။

Kids of Destiny®
Reaching the Next Generation



www.kidsofdestiny.org